# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၂) ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၅ |
| ၂။ | ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ | ၆-၇ |
| ၃။ | ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် ထုတ်ပြန်ခြင်း။ | ၈-၉ |
| ၄။ | UK နိုင်ငံရှိ ကုမ္ပဏီများသည် ဥပဒေနှင့်ညီသော ရည်ရွယ်ချက်ရှိကြောင်း ကြေညာချက်များပြုလုပ်ရန် လိုအပ်ခြင်း။ | ၁၀-၁၁ |
| ၅။ | လာအိုနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဘဏ်စာရင်းဖွင့်ခြင်းဆိုင်ရာ စည်းမျဉ်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၂) ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အရန်တပ်ဖွဲ့နည်းဥပဒေများ အမိန့်ကြော်ငြာစာ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ကော်မရှင် ( The Legal Translation Commission) က မြန်မာဘာသာပြန်ဆိုထားသော ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ၊ တရားဝင်ကိုယ်စားလှယ်များဆိုင်ရာ တရားမမှုအက်ဥပဒေနှင့်အနုညာတစီရင်ဆုံးဖြတ်ခြင်း (အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ နောက်ဆက်တွဲသဘောတူစာချုပ် နှင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်)အက်ဥပဒေတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အရန်တပ်ဖွဲ့ဥပဒေ ပုဒ်မ ၁၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အရန်တပ်ဖွဲ့နည်းဥပဒေများကို ၁၀-၃-၂၀၂၄ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အရန်တပ်ဖွဲ့နည်းဥပဒေ အပိုဒ် ၂ (ဂ) ၌ အရန်တပ်ဖွဲ့ဝင်ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်အဖြစ် တပ်ဝင်စာရင်းရေးသွင်းပြီးသူကို ဆိုကြောင်း၊ အပိုဒ် ၂(ဃ)၌ အခွင့်ရစစ်ဘက်အာဏာပိုင် ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ကို ဆိုကြောင်း၊ အပိုဒ်၂(ဈ)၌တပ်နယ်အဖွဲ့ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေး တပ်နယ်အဖွဲ့ကို ဆိုကြောင်း၊ အပိုဒ် မ၂(ည)၌ ဆင့်ခေါ်စာဆိုသည်မှာ အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် မှတ်ပုံတင်ခြင်းအတွက် ပုံစံ(၂) နှင့် ဆေးစစ်ဆေးခြင်းအတွက် ပုံစံ(၆)ဖြင့် တပ်နယ်အဖွဲ့က ဆင့်ခေါ်သည့်စာကို ဆိုကြောင်း၊ အပိုဒ် မ၂(ဋ)၌ အမိန့်စာဆိုသည်မှာ အခွင့်ရစစ်ဘက်အာဏာပိုင်က အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းရန် ဆင့်ခေါ်ရေးအမိန့်စာ ပုံစံ(၇) ကို ဆိုကြောင်း စသည်ဖြင့် ပြဋ္ဌာန်းထားပါသည်။

အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် စစ်မှုထမ်းဆောင်ခြင်းကာလ အနည်းဆုံး ၃ နှစ်နှင့် အများဆုံး ၅ နှစ်အထိ ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးအပ်ပါက တာဝန်ပေးအပ်သည့် ကာလအတိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို ရေတွက်ရာ၌ အရန်တပ်ဖွဲ့ဝင်အဖြစ် တပ်ဝင်စာရင်း ရေးသွင်းသည့်နေ့မှစ၍ ရေတွက်ရမည်ဖြစ်ကြောင်း နှင့် တပ်ဝင်စာရင်းရေးသွင်းသည့်နေ့ဆိုသည်မှာ အရန်တပ်ဖွဲ့ဝင် မွမ်းမံသင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်ကို ဆိုကြောင်း နည်းဥပဒေ အပိုဒ် ၃ နှင့် ၄ တို့တွင် ပြဋ္ဌာန်းထားပါသည်။

ဤအမိန့်ကြော်ငြာစာ အခန်း(၃)တွင် အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များကို ဖော်ပြထားပြီး အခန်း (၄) တွင် မှတ်ပုံတင်ခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းခြင်းတို့အတွက် ဆင့်ခေါ်ခြင်းကို ဖော်ပြထားပါသည်။

နည်းဥပဒေ အပိုဒ် ၁၁ ၌ တပ်နယ်အဖွဲ့သည် တိုင်းစစ်ဌာနချုပ်က ပေးပို့သည့် အရန်တပ်ဖွဲ့ဝင်အဖြစ် အကျုံးဝင်သူများစာရင်းတွင် ပါရှိသောသူများ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်း နေထိုင်ခြင်း ရှိ မရှိ စိစစ်ခြင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် စာရင်းပြုစုရေးအဖွဲ့အား တာဝန်ပေးရမည်ဖြစ်ကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများပါဝင်သော စာရင်းပြုစုရေးအဖွဲ့အား မိမိ၏ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တပ်မတော်မှ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်သော သို့မဟုတ် အငြိမ်းစားယူသော စစ်မှုထမ်းစာရင်းများကို ပုံစံ(၁) ဖြင့် ကောက်ယူစေပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တပ်နယ်အဖွဲ့ထံ တင်ပြစေရမည်ဖြစ်ကြောင်း၊ ပုံစံ(၁) ကို လက်ခံရရှိသည့်နေ့မှ ၇ ရက်အတွင်း တိုင်းစစ်ဌာနချုပ်အဖွဲ့သို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ပုံစံ(၁)တွင် ပါဝင်သူများအား မှတ်ပုံတင်ရန် ဆင့်ခေါ်စာကို ပုံစံ(၂) ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် ဆင့်ခေါ်ခြင်းခံရသူ သို့မဟုတ် ဆင့်ခေါ်ခြင်းခံရသူ၏ မိသားစုဝင်ထံ ပေးအပ်ရမည်ဖြစ်ကြောင်း၊ ဆင့်ခေါ်ခြင်းခံရသူများအား ပုံစံ(၃) တွင် ဖြည့်စွက်၍ လက်မှတ်ရေးထိုးစေရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်စာရင်းသွင်းမှုအား ပုံစံ(၄) တွင်

ရေးသွင်းပြီး တိုင်းစစ်ဌာနချုပ်အဖွဲ့သို့ တင်ပြရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်စာရင်းသွင်းပြီးသူများကို ပုံစံ(၅)ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်ဖြစ်ပြီး မှတ်ပုံတင်စာရင်းပုံစံ(၄)တွင် စာရင်းသွင်းထားသူများအနက်မှ အရန်တပ်ဖွဲ့ဝင်အဖြစ် ဆင့်ခေါ်ရန် ရွေးချယ်ထားသူများစာရင်းကို ဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီဆေးစစ်ဆေးရန် ပုံစံ(၆)ဖြင့်ဆင့်ခေါ်ရမည်ဖြစ်ကြောင်း၊ ဆေးစစ်ဆေးခြင်းကို ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးရမည်ဖြစ်ပြီး ဆေးစစ်ဆေးမှု အောင်မြင်ပြီး ဆင့်ခေါ်ရေး အမိန့်စာပေးအပ်ထားသူများကို တိုင်းစစ်ဌာနချုပ်အဖွဲ့သို့လွှဲအပ်ရမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အခွင့်ရစစ်ဘက်အာဏာပိုင်သည် ဆေးစစ်ဆေးမှုအောင်မြင်ပြီး သတ်မှတ်ချက်နှင့်ပြည့်စုံသူများကို အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် အမိန့်စာကို ပုံစံ (၇) ဖြင့် ပေးအပ်ရမည်ဖြစ်ပြီး သတင်းပို့ရမည့်နေရာနှင့်အချိန်ကို တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ရမည့်သူစာရင်းကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အဖွဲ့သို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီခွင့်ပြုချက်နှင့်အညီ အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန်ဆင့်ခေါ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် စစ်မှုထမ်းဆောင်ရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးခြင်း သို့မဟုတ် သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် စစ်မှုထမ်းဆောင်နေသည့်ကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ပေးသော အကျိုးခံစားခွင့်များကို ခံစားခွင့်ရှိကြောင်းနှင့် စစ်မှုထမ်းဆောင်နေစဉ်အတွင်း ပျောက်ဆုံး၊ကျဆုံး၊သေဆုံး၊ဒဏ်ရာရရှိခဲ့ခြင်းများသည် တာဝန်ဝတ္တရား ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်ပါက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျိုးခံစားခွင့်များကို ရရှိစေရမည်ဖြစ်ကြောင်း၊ အရန်တပ်ဖွဲ့ဝင်တစ်ဦးအား ၎င်း၏စွမ်းဆောင်ရည်အပေါ် ကျေနပ်အားရမှုရှိပါက အဆင့်တိုးမြှင့်ခြင်း၊ သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်/လက်မှတ်များ ချီးမြှင့်ခြင်းတို့ကိုပြုနိုင်ကြောင်း၊ အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်

အဖြစ်သတ်မှတ်မည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း၏အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း၏လုပ်သက်ကို အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလကို ထည့်သွင်း ရေတွက်ရမည်ဖြစ်ကာ အငြိမ်းစားလစာကို ဥပဒေပုဒ်မ ၆ ပါအတိုင်း ခံစားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဥပဒေလေ့လာသိရှိလိုသူများသည် အရန်တပ်ဖွဲ့နည်းဥပဒေများနှင့် နည်းဥပဒေပါနောက်ဆက်တွဲပုံစံများကို MLIS Website ၌ ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ နှင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ဖြင့် ၁-၈-၂၀၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ် ၁၇/၂၀၂၄ ဖြင့် ၁၂-၃-၂၀၂၄ရက်နေ့တွင် ပြင်ဆင်ခဲ့ပါသည်။ ထို့အတူ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ၁၇-၇-၂၀၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ် ၁၈/၂၀၂၄ ဖြင့် ၁၂-၃-၂၀၂၄ ရက်နေ့တွင် ပြင်ဆင်ခဲ့ပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဋ)၊ (ဗ)၊ (ရ) နှင့် (လ) တို့ကို အစားထိုးခြင်းဖြင့် ဥပဒေပါ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို စွမ်းအင်ဝန်ကြီးဌာနအဖြစ် ပြောင်းလဲခြင်းဖြစ်ပါသည်။ အလားတူ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ကိုအစားထိုးခြင်းဖြင့် ဥပဒေပါ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို စွမ်းအင်ဝန်ကြီးဌာနအဖြစ် ပြောင်းလဲခြင်းဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို စွမ်းအင်ဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသွားခြင်းမှအပ ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များသည် ပြောင်းလဲမှုမရှိဘဲ မူလအတိုင်းပင်ဖြစ်ပါသည်။

၁-၄-၂၀၁၆ ရက်နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်စွမ်းအင်ဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂-၅-၂၀၂၂ရက်နေ့တွင် အမိန့်အမှတ် ၃၃/၂၀၂၂ ဖြင့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနဟု ဝန်ကြီးဌာန ၂ ခုအဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ နှင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေတို့ပါ ပြဋ္ဌာန်းချက်များသည် စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စရပ်များ

ဖြစ်သဖြင့် လုပ်ပိုင်ခွင့်များ ရောထွေးမှုမရှိစေရေး ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေနှင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၂) ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်

# ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် ထုတ်ပြန်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းသည့်အမိန့်ထုတ်ပြန်ခွင့်ကိုကျင့်သုံး၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၂၄ ဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကိုလည်းကောင်း၊ အမိန့်အမှတ် ၃၂/၂၀၂၄ ဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကိုလည်းကောင်း အသီးသီး ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါအမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၂၄ ဖြင့်ထုတ်ပြန်သည့်အမိန့်အရ မည်သူမဆို ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည်ဖြစ်ပြီး၊ ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်ပြီး တစ်လပြည့်သည့်နေ့မှစတင်၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ရမည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ အမိန့်အမှတ် ၃၂/၂၀၂၄ တွင် အခန်း (၆) ခန်းဖြင့် ဖော်ပြပါရှိပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်သာ သက်ဆိုင်၍ သက်ဆိုင်ရာရုပ်ရှင်ဥပဒေ၊ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေတို့အရ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုခြင်း မရှိပါက ယင်းအမိန့်နှင့်သက်ဆိုင်ခြင်းရှိမည် မဟုတ်ကြောင်း သိရှိရပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ရုံ တည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာ အက်ပလီကေးရှင်းများလွှင့်တင်ခြင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်းများ လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

ဦးစီးဌာနရုံးမှတစ်ဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအမိန့်တွင် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ ဖြစ်ပါက ကိုက်ညီရမည့်သတ်မှတ်ချက်များ၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတွင် ပြည့်စုံရမည့် အရည်အချင်းများ၊ မှတ်ပုံတင်လက်မှတ်လျှောက်လွှာတွင် ပူးတွဲပါရှိရမည့်အချက်များ ဖော်ပြထားပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ပြင်ဆင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုး လျှောက်ထားခြင်း များအပြင် လိုက်နာရမည့်စည်းကမ်းချက်များကိုလည်း အသီးသီး ဖော်ပြထားသည်ကို သိရှိရပါသည်။

မှတ်ပုံတင်လက်မှတ်ရရှိသူသည် ယင်းအမိန့်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ပါက ဦးစီးဌာနသည် ၎င်း၏ကျူးလွန်မှုအပေါ် မူတည်၍ မှတ်ပုံတင်လက်မှတ်ကို ယာယီ သို့မဟုတ် အမြဲတမ်းရုပ်သိမ်းခြင်းဖြစ်စေ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ တရားစွဲဆိုခြင်းဖြစ်စေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံ တစ်ရာကြောင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို ရပ်ဆိုင်း လိုပါက ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှတစ်ဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မှတ်ပုံတင် လက်မှတ်ကို ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : www. moi.gov.mm

## UK နိုင်ငံရှိ ကုမ္ပဏီများသည် ဥပဒေနှင့်ညီသောရည်ရွယ်ချက်ရှိကြောင်း ကြေညာချက်များ ပြုလုပ်ရန်လိုအပ်ခြင်း

UK နိုင်ငံ၏ Companies House သည် အချက်အလက်များ စုံစမ်းမေးမြန်းရန်နှင့် တရားဝင် လိပ်စာများရယူရန် Economic Crime and Corporate Transparency Act 2023 အရ အခွင့်အာဏာများ ရှိလာပါသည်။

ကုမ္ပဏီများ၏မှတ်ပုံတင်ခြင်းဆိုင်ရာအမှားအယွင်းများကိုတားဆီးရန်ရည်ရွယ်သည့် ဤစနစ်သစ်သည် ကုမ္ပဏီထူထောင်သူများက စီးပွားရေးလုပ်ဆောင်မှုများသည် တရားဝင်ဖြစ်ကြောင်း ဦးစွာ ဖော်ပြရန် လိုအပ်ပါသည်။

စနစ်သစ်အရ Companies House တွင် ပြောင်းလဲမှုများအဖြစ် အချက်အလက်များအား စုံစမ်းမေးမြန်းရန်နှင့် သက်သေအထောက်အထားများကိုတောင်းဆိုရန် အပြည့်အဝအာဏာ အပ်နှင်းထားပါသည်။ နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းနှင့် ဆက်စပ်နေသည်ဟု လွဲမှားစွာ ထင်မြင်ယူဆရသော အမည် သို့မဟုတ် ရိုင်းစိုင်းသောအမည်များ ဖယ်ရှားနိုင်ရန် ကုမ္ပဏီအမည်များကို ပိုမိုတင်းကြပ်စွာစစ်ဆေးပါသည်။ထိုကဲ့သို့ဆောင်ရွက်ခြင်းမှာ မှတ်ပုံတင်ထားသော ရုံးလိပ်စာများအတွက် စည်းမျဉ်းအသစ်များ၊ ပေါင်းစည်းထားသည့်ကုမ္ပဏီတစ်ခုသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းဖြစ်ပြီး ၎င်း၏ ရည်ရွယ်ထားသော အနာဂတ်လုပ်ဆောင်မှုများကို အတည်ပြုရန် လိုအပ်ချက်များအား ဥပဒေနှင့်အညီ စိစစ် ကိုင်တွယ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် Companies House သည် သတင်းအချက်အလက်များကို လက်ခံသည့် အဖွဲ့အစည်းမှပေးပို့လာသောသတင်းအချက်အလက်များကို တက်ကြွစွာစိစစ်သည့်အဖွဲ့အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီတိုင်းတွင် စာရွက်စာတမ်းဝန်ဆောင်မှုအတွက် သင့်လျော်သော လိပ်စာပါရှိရမည်ဖြစ်ပြီး ၎င်းသည်စာတိုက်သေတ္တာနံပါတ်မဖြစ်ရကြောင်း၊ ကုမ္ပဏီများသည်မှတ်ပုံတင်ထားသော အီးမေးလ်လိပ်စာကိုလည်းပေးရမည်ဖြစ်ကြောင်း Companies House မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုထားကြောင်း သိရှိရသည်။

ထို့ပြင် ဤစနစ်သည် အခြားအစိုးရဌာနများနှင့် ဥပဒေစိုးမိုးရေးအေဂျင်စီများကို အချက်အလက်မျှဝေနိုင်မည်ဖြစ်ပါသည်။ ရာဇဝတ်ပြစ်မှုအသစ်များနှင့် တရားမကြောင်းများအတွက် အရေးယူမှုများကိုဖြည့်တင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း Companies House မှ ပြောကြားခဲ့သည်။

ဤကဲ့သို့ အပြည့်အဝအာဏာရရှိထားခြင်းသည် Companies House ၏ နှစ်ပေါင်း ၁၈၀ သမိုင်းတွင် အထင်ရှားဆုံးသော ပြောင်းလဲမှုဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် Louise Smyth က ပြောကြားခဲ့သည်။ ပထမဦးစားပေးတစ်ခုအနေဖြင့် မှန်ကန်မှုမရှိသော အချက်အလက်များကို စုံစမ်းစစ်ဆေးရန်နှင့် ဖယ်ရှားရန်ဖြစ်သည်။ Companies House သည် လူများ၏အမည်နှင့် လိပ်စာများကို ၎င်းတို့၏သဘောဆန္ဒမပါဘဲအသုံးပြုသည့်ကိစ္စများကို ဦးစားပေးလုပ်ဆောင်နေပါကြောင်း၊အလွဲသုံးစားလုပ်ထားသော ကိုယ်ရေးကိုယ်တာအချက်အလက်များကို အစီရင်ခံရန် နှင့် ဖယ်ရှားရန် ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ကြောင်း Smyth မှ ပြောကြားခဲ့သည်။

အရှုံးအမြတ်စာရင်းတင်သွင်းရန် လိုအပ်ချက်များနှင့် မှားယွင်းနေသည့်စာရင်းများအပါအဝင် သက်သေခံအထောက်အထားစိစစ်ခြင်း နှင့် စာရင်းပြုပြင်ပြောင်းလဲခြင်းကဲ့သို့သော အက်ဥပဒေပါ အခြားအစီအမံများကို ကာလကြာရှည်စွာ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Companies House မှ ပြောကြားခဲ့သည်။ Companies House သည် တာဝန်သစ်များထမ်းဆောင်ရန် ဝန်ထမ်း ၁၆၀ ကျော်ကို ခေါ်ယူထားပြီး လာမည့်လများအတွင်း ဝန်ထမ်းဦးရေ ၆၀ ကျော် ထပ်မံခန့်အပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source:https://www.lawgazette.co.uk/law/companies-required-to-make-lawful-purpose declarations/5118951.article

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၂)    ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်

## လာအိုနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဘဏ်စာရင်းဖွင့်ခြင်းဆိုင်ရာစည်းမျဉ်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

လာအိုနိုင်ငံဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စည်းမျဉ်းသစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ကျင့်သုံးဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ယင်းစည်းမျဉ်းအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ စီးပွားရေးလုပ်ကိုင်မည့် ခွင့်ပြုချက် လိုင်စင်ရရှိပြီး ၁၅ ရက်အတွင်း ပြည်တွင်းဘဏ် စာရင်းတစ်ခုကို ဖွင့်ရမည်ဖြစ်ပါသည်။ အဆိုပါ ဘဏ်စာရင်းကို ငွေကြေးအမျိုးမျိုးဖြင့် ဖွင့်နိုင်သော်လည်း ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုတည်း၌သာ ဖွင့်ရမည် ဖြစ်ပါသည်။

ထိုသို့ စည်းမျဉ်းအားထုတ်ပြန်ခဲ့ခြင်းသည် လာအိုနိုင်ငံ၏ဘဏ်စနစ်သို့ နိုင်ငံခြားငွေများ ပိုမိုရောက်ရှိလာစေရန် လာအိုအစိုးရ၏ ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါ စည်းမျဉ်းသည် နိုင်ငံ၏ငွေပေးချေမှုဆိုင်ရာစာရင်းများရှိ လိုအပ်ချက်များကို ဖြေရှင်းရန်နှင့် လာအို နိုင်ငံ၏ ငွေကြေးကိုတည်ငြိမ်စေရန် ရည်ရွယ်ပါသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာအိုနိုင်ငံတွင် ဘဏ်စာရင်းဖွင့်ရန်အတွက် လိုအပ်သည့် အရာများမှာ ပတ်စပို့၊ ဗီဇာကဲ့သို့သော တရားဝင်အသိအမှတ်ပြု စာရွက်စာတမ်းများ၊ လာအိုနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရသည့်ရည်ရွယ်ချက်အား ရှင်းလင်းချက်၊ ရင်းနှီးမြှုပ်နှံမှုငွေများ ၏ငွေကြေးအရင်းအမြစ်ထောက်ခံချက်၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဘဏ်စာရင်းဖွင့်ရန် ရွေးချယ်ထားသည့်ဘဏ်၏စည်းကမ်းချက်များအရလိုအပ်ပါက အနည်းဆုံးမတည်ရင်းနှီးငွေ အမေရိကန် ဒေါ်လာ ၁၀,၀၀၀ တို့ဖြစ်ပါသည်။

လာအိုနိုင်ငံဗဟိုဘဏ်သည် ဘဏ်စာရင်းမဖွင့်မီ ရင်းနှီးမြှုပ်နှံသူများ၏ နောက်ခံအခြေအနေ စိစစ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဘဏ်များမှလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ငွေလွှဲ ပြောင်းမှုများကိုစောင့်ကြည့်၍ သံသယဖြစ်ဖွယ်ဆောင်ရွက်မှုများကို လာအိုနိုင်ငံဗဟိုဘဏ်သို့ တင်ပြ ရမည်ဖြစ်ပါသည်။

ဤစည်းမျဉ်းအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် အမြတ်ငွေလွှဲပြောင်းမှုများ၊ လာအိုနိုင်ငံသို့ မတည်ရင်းနှီးငွေများကို လွှဲပြောင်းခြင်းနှင့်နိုင်ငံခြားကုမ္ပဏီများ၏အတိုးများကို ပေးဆပ်ခြင်း အပါအဝင်ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်သည့်ငွေလွှဲပြောင်းမှုအားလုံးသည် အဆိုပါ ဘဏ်စာရင်းများမှတစ်ဆင့် ဆောင်ရွက်ကြောင်း ဖော်ပြထားသည့် စာရွက်စာတမ်းများရှိရမည်ဖြစ်ပါသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ကြွေးမြီများ၊ အစုပေါ် အမြတ်ငွေများနှင့် လုပ်ခလစာများအတွက် ပေးချေရမှုများတွင် ၎င်းတို့၏နိုင်ငံခြားငွေများကို လာအိုနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်များမှတစ်ဆင့် လာအိုနိုင်ငံငွေကြေးသို့ ပြောင်းလဲရမည်ဖြစ်ပြီး ငွေစာရင်းစစ်ဆေးရန်အတွက် ငွေလဲလှယ်မှုစာရွက်စာတမ်းကို ထိန်းသိမ်းထားရှိရမည်ဖြစ်ပါသည်။

အဆိုပါစည်းမျဉ်းကို ထုတ်ပြန်ခြင်းဖြင့် လာအိုနိုင်ငံရှိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် လာအိုနိုင်ငံတွင် ဘဏ်စာရင်းဖွင့်ရန် အချိန်ပိုမိုကြာမြင့်မည်ဖြစ်ပြီး သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရသည့်အတွက် ကုန်ကျစရိတ်များ တိုးမြင့်လာနိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် လာအိုနိုင်ငံဗဟိုဘဏ်အနေဖြင့် လာအိုနိုင်ငံ၏ဘဏ္ဍာရေးစနစ်ကို ကာကွယ်ရန်အတွက် ဤစည်းမျဉ်းကိုထုတ်ပြန်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများကို တရားဝင်ဆောင်ရွက်နိုင်ရန်ကိုလည်းရည်ရွယ်ကြောင်းတွေ့ရှိရပါသည်။ ဤစည်းမျဉ်းထုတ်ပြန်ခြင်းဖြင့် လာအိုနိုင်ငံတွင် ပွင့်လင်းမြင်သာမှုတိုးမြှင့်နိုင်ရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတို့တွင် ငွေကြေးထောက်ပံ့ခြင်းကို ကာကွယ်တားဆီးရန် အပြုသဘောဆောင်သော ဆောင်ရွက်မှုဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.aseanbriefing.com/news/laos-implements-

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

